ဒုက္ခသည် အမျိုးသမီးများ ကော်မစ်ရှင် (Women's Refugee Commission)

# ဒုက္ခသည် သိမှတ်ဖွယ်ရာ

## ဒုက္ခသည် အမျိုးသမီးများ ကော်မစ်ရှင်ဆိုသည်မှာ အဘယ်နည်း။

ဒုက္ခသည် အမျိုးသမီးများ ကော်မစ်ရှင်ကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ဒုက္ခသည်အမျိုးသမီးများ၊ကလေးငယ်များနှင့် လူငယ်များ လုံခြုံမှုရှိစေရန်၊ ၄င်းတို့ ကျန်းမာရန်၊ ရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် လိုအပ်သော ဂန်ဆောင်မှုများနှင့် အရင်းအမြစ်များ ရရှိစေရန် နှင့် ၄င်းတို့ ဘဝကို သက်ရောက်စေမည့်ဆုံးဖြတ်ချက်များကိုပြုလုပ်ရာတွင် ၄င်းတို့ ကိုယ်တိုင်အကြံပြုပါဝင်နိုင်ရန် အစရှိသည့် ဥပဒေများ၊ ပေါ်လစီနှင့် အစီအစဉ်များကို ကျွန်ုပ်တို့လုပ်ဆောင်ပါသည်။

ကမ္ဘာပေါ်တွင် ဒုက္ခသည်နှင့်ပြည်တွင်းရွှေ့ပြောင်းခြင်းခံရသူ သန်းပေါင်း ၄၀ ကျော်ရှိပါသည်။ ၄င်းတို့ တွင် ငါးယောက်အနက် လေးယောက်မှာ အမျိုးသမီးများ၊ ကလေးငယ်များနှင့် လူငယ်များဖြစ်ကြပါသည်။ ပျမ်းမျှအားဖြင့် ဒုက္ခသည် အခြေအနေမှာ ၁၇ နှစ် အထိ ကြာမြင့်သည်။

## ကျွန်ုပ်တို့ လုပ်ဆောင်သောအရာ

ဒုက္ခသည် အမျိုးသမီးများ ကော်မစ်ရှင် အနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်ပါသည်။

- ဒုက္ခသည် အမျိုးသမီးများနှင့် မိန်းကလေးများ ကိုယ်ဂန်ဆောင်ချိန်နှင့် မွေးဖွားချိန်အတွင်း အကူအညီနှင့် မိသားစုစီမံကိန်းများရရှိရန်
- ပြောင်းရွှေ့ခြင်းခံရသော အမျိုးသမီးများနှင့် မိန်းကလေးများအား မုဒိမ်းပြုကျင့်ခံရခြင်း (ဖျက်ဆီးခြင်း) နှင့် အခြားသော အကြမ်းဖက်မှုများမှ ကာကွယ်မှုရှိစေရန်
- ပြောင်းရွှေ့ခံရသော လေးငယ်များကျောင်းတက်နိုင်ရန်
- ဒုက္ခသည် အမျိုးသမီးများ အနေဖြင့် မိမိကိုယ်တိုင်နှင့် မိသားစုကို ထောက်ပံ့နိုင်ရန် ဂင်ငွေရှာနိုင်ရန်
- လူငယ်များအနေဖြင့် ပညာရေးနှင့် အတတ်ပညာများ ရရှိရန်
- အမေရိကန်ပြည်ထောင်စုတွင် ခိုလှုံခွင့် (နိုင်ငံရေးခိုလှုံခွင့်) တောင်းခံလာသော အမျိုးသမီးများနှင့် ကလေးများ ကောင်းမွန်စွာ အစောင့်ရှောက်ခံရရန်နှင့် ၄င်းတို့ အား အကျဉ်းချထားခြင်းမပြုရန်

## ကျွန်ုပ်တို့ မည်သို့ လုပ်ကိုင်သည်

### ကျွန်ုပ်တို့ အနေဖြင့် သတင်းအချက်အလက်များကို စုဆောင်းပါသည်။

- ဒုက္ခသည်များရှိသောနေရာများသို့သွားရောက်ပြီး ဒုက္ခသည်များ၊ ကုလသမ္မဂ လက်အောက်ခံအဖွဲ့များ၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းအဖွဲ့ အစည်းများနှင့်တွေ့ဆုံဆွေးနွေးပါသည်။
- ဒုက္ခသည်များမည်သည့်အရာများလိုအပ်သည်ကိုသိရှိအောင်လုပ်သည်။
- မည်သည့်အစီအစဉ်များ (ပညာရေး၊ အတတ်ပညာသင်ကြားလေ့လာရေး၊ သက်မွေးမှု၊ မျိုးပွားအင်္ဂါဆိုင်ရာကျန်းမာရေး တို့ အပါအဝင်) က အလုပ်ဖြစ်သည် အလုပ်မဖြစ်သည်ကို လေ့လာပါသည်။



## ၄င်းနောက်ရရှိလာသော အချက်အလက်များကို အသုံးပြုပြီး

- အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများမှ ဂန်ထမ်းများနှင့်တွေ့ဆုံပြီး ဒုက္ခသည် အမျိုးသမီးများ၊ ကလေးများနှင့် လူငယ်များ ဘဝ တိုးတက်အောင် မည်သို့ လုပ်ကိုင်သင့်သည်ကို ပြောသည်။
- လူသားအချင်းချင်းစာနာသည့်လူမှုဂန်ထမ်းများအနေဖြင့် ဒုက္ခသည်များနှင့်အလုပ်လုပ်ကိုင်ရာတွင် အထောက်အကူဖြစ်စေမည့် လက်စွဲစာအုပ်များနှင့်လမ်းညွှန်များကို ရေးသားသည်။
- ဒုက္ခသည်များအနေဖြင့် ၄င်းတို့ ၏လိုအပ်ချက်များအား ပြောကြားနိုင်သော အစည်းအဝေးများကိုလည်း အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့ များ (အင်ဂျီအို) နှင့် ကုလသမ္မဂ ဂန်ထမ်းများ နှင့် စီစဉ်ပေးသည်။

## အချက်အလက်နှင့် ပုံရိပ်များ

- ကျွန်ုပ်တို့ မှာ အစိုးရ မဟုတ်သော အဖွဲ့ အစည်း (အင်ဂျီအို) ဖြစ်ပါသည်။ အစိုးရအဖွဲ့ သော်လည်းကောင်း၊ နိုင်ငံရေးအဖွဲ့ သော်လည်းကောင်း၊ ဘာသာရေးအဖွဲ့ သော်လည်းကောင်း မဟုတ်ပါ။
- ကျွန်ုပ်တို့ အဖွဲ့တွင် ဂန်ထမ်း ၂၅ ယောက်နှင့် ဒါရိုက်တာဘုတ်အဖွဲ့တို့ ပါဂင်သည်။ အချို့ မှာ ယခင်ကဒုက္ခသည်များဖြစ်ကြသည်။
- ဒုက္ခသည်အမျိုးသမီးများ ကော်မစ်ရှင် အနေဖြင့် ရန်ပုံငွေ (သို့မဟုတ်) ထောက်ပံ့ငွေတစ်စုံတစ်ရာ ကို အဖွဲ့ အစည်းများသို့ လည်းကောင်း တစ်ဦးချင်းစီသို လည်းကောင်းပေးခြင်းမရှိပါ။ ကျွန်ုပ်တို့ ကို info@wrcommission.org ကိုဆက်သွယ်ပါက ရန်ပုံငွေပေးသော ဆိုင်ရာအဖွဲ့ အစည်းများ၏ အချက်အလက်များကို ပေးပို့ မည်ဖြစ်ပါသည်။
- ဒုက္ခသည်အမျိုးသမီးများ ကော်မစ်ရှင်အနေဖြင် အမေရိကန်ပြည်ထောင်စုတွင်ခိုလှုံခွင့်ရရှိရန် ကူညီမပေးနိုင်ပါ။ အကယ်၍ သင်၏အသက်အန္တရာယ် တစ်စုံတစ်ရာရှိပြီး အခြားတိုင်းပြည်တစ်ခုတွင်ခိုလှုံခွင့်တောင်းခံရန်လိုအပ်ပါက ကုလသမ္မဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (www.unhcr.org/contact.html) သို့ မဟုတ် သင့်နိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းတစ်ခုခုကို ဆက်သွယ်ပါ။

ဒုက္ခသည် အမျိုးသမီးများ ကော်မစ်ရှင် သည် အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေး ကော်မတီ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း ၅၀၁ (စီ) (၃) နှင့် တရားဂင် ဆက်စပ်နေသော်လည်း အိုင်အာရ်စီထံမှ တိုက်ရိုက် ငွေကြေး အထောက်အပံ့ရရှိခြင်း မရှိပါ။

ဓါတ်ပုံ။ ။ UNHCR/အက်စ် အယ်ရင်တန်

122 East 42nd Street
New York, NY 10168-1289
212.551.3115 | info@wrcommission.org
womensrefugeecommission.org



WOMEN'S REFUGEE COMMISSION